# ကျင်းပသည့်ကာလ

သီတင်းကျွတ်လပြည့်နေ့တစ်ဝိုက် (၅) ရက်ကြာကျင်းပလေ့ရှိသည်။

# ကျင်းပသည့်နေရာ

စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့

# ထူးခြားမှုများ

လယ်သမားများနှင့် ကုန်သည်များမှ ကျေးလက်ရိုးရာပတ်ဝန်းကျင်တွင် နွားလှည်းများ ဖြင့် ကုန်ပစ္စည်း များ ရောင်းချသည့် ကာလတစ်ခုဖြစ်သည်။ ရဟန်းတော်များအနေဖြင့်လည်း စေတီတော်အား ရှိခိုးပူဇော် နိုင်ကြသည်။

ပွဲတော်အား မြန်မာ့ရိုးရာဗုဒ္ဓဘာသာဝင်များ၏ အားလပ်ရက်နေ့တွင် ကျင်းပလေ့ ရှိသည်။ ပွဲတော်ရက် တွင် ဘုရားအနီးတစ်ဝိုက်ရှိ ရွာသားများလည်း ပါဝင်ဆင်နွှဲနိုင်ကြသည်။ ဘုရားပွဲတော်သို့ လာရောက်ကြသော ဧည့်သည်များအား နွားလှည်းဖြင့် သယ်ဆောင်လာကြ သော ပစ္စည်းများနှင့် လယ်ယာထွက်ပစ္စည်းများကို ရောင်းချပေးနေသော လယ်သမားများနှင့် ကုန်သည်များမှာလည်း ဤပျော်ရွှင်ဖွယ်ပွဲတော်အား ပိုမိုပြည့်စုံစေပါ သည်။ နိုင်ငံခြားသား ဧည့်သည်များအနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသ၏ ကျေးလက်ရိုးရာပတ်ဝန်းကျင်အား ဖော်ဆောင်ပြသနေသော ပွဲတော်တွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်ကြပါသည်။ ကုန်သည် များမှာလည်း ၎င်းတို့ရှာဖွေထားသော ဝင်ငွေများထဲမှ စေတီတော်ကြီး မွမ်းမံပြုပြင်နိုင်ရန်နှင့် ရဟန်းတော်များအား ကောင်းမွန်စွာသီတင်းသုံးနိုင်ရန် ရည်မှန်း၍ လှူဒါန်းနိုင်ပါသည်။ ထို့ပြင် ပျားပမ်းခတ်မျှ လှုပ်ရှားနေသော ဈေး၏ အလယ်၌ နီညိုရောင်သက်န်းများ ဆင်မြန်းထားသော ဗုဒ္ဓဘာသာရဟန်းတော်များသည် ပွဲတော်အတွင်း စေတီတော်အား ပူဇော်ကန်တော့နေသည် ကိုလည်း တွေ့မြင်နိုင်ကြပါသေးသည်။





